# အင်ဂျင်နီယာပညာဆိုင်ရာ ကုမ္ပဏီများ၊ အဖွဲ့အစည်းများအား စိစစ်အသိအမှတ်ပြုရေး လုပ်ငန်းကော်မတီ၏ တာဝန်များ

(၁) မြန်မာနိုင်ငံအတွင်းဆောင်ရွက်သည့် ပြည်တွင်းပြည်ပအတိုင်ပင်ခံကုမ္ပဏီများ၊ အင်ဂျင်နီယာနှင့် နည်းပညာဆိုင်ရာ လုပ်ငန်းကုမ္ပဏီများ၊ အဖွဲ့အစည်းများ၊ ကန်ထရိုက်တာနှင့် ကန်ထရိုက်လုပ်ငန်း လုပ်ကိုင်သော ကုမ္ပဏီများနှင့် စပ်လျဉ်း၍ သတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းများ၊ စံချိန်စံညွှန်း များနှင့် လုပ်ငန်းအခြေခံစံနှုန်းများ ကိုက်ညီမှုရှိ မရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်နှင့် အညီ စိစစ်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနသို့ သဘောထားပြန်ကြားခြင်း၊

(၂) မြန်မာနိုင်ငံအတွင်းဆောင်ရွက်သည့် ပြည်တွင်းပြည်ပကန်ထရိုက်တာနှင့် ကန်ထရိုက်လုပ်ငန်း လုပ်ကိုင်သော ကုမ္ပဏီများအား စိစစ်၍ လုပ်ငန်းလုပ်ကိုင်ခွင့်အသိအမှတ်ပြုရေး ဆောင်ရွက်ရမည်။

(၃) မြန်မာနိုင်ငံအတွင်းဆောင်ရွက်လျက်ရှိသည့် ပြည်တွင်းပြည်ပအတိုင်ပင်ခံ အင်ဂျင်နီယာဆိုင်ရာ လုပ်ငန်းများ၊ အဖွဲ့အစည်းများအား စိစစ်၍ လုပ်ငန်းလုပ်ကိုင်ခွင့်အသိအမှတ်ပြုရေး ဆောင်ရွက် ရမည်။